## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. ここ／そこ／あそこ／こちら／そちら／あちら

ここ၊ そこ၊ あそこ သည်နေရာကိုညွှန်ပြသည်။ ここ သည်ပြောသူရှိသောနေရာ၊ そこ သည်နာသူရှိသောနေရာ၊ あそこ သည် ထိုနှစ်ဦးစလုံးနှင့်ဝေးကွာသောနေရာကိုညွှန်ပြသည်။
こちら၊そちら၊あちら သည်ရှေးရှုရာအရပ်ကိုညွှန်ပြပြီး၊ ここ၊そこ၊あそこ၏အစားထိုးအဖြစ် မျက်စိရှေ့မှောက်ရှိနေရာကိုညွှန်ပြရာတွင်လည်းအသုံးပြုသည်။ ဤအခါမျိုးတွင် ပို၍ယဉ်ကျေးပျူငှာသောသဘောထားကိုပေါ်လွင် စေသည်။




[မှတ်ချက်] ပြောသူသည်နာသူအားမိမိ၏ပိုင်နက်အတွင်း၌ရှိသည်ဟုသတ်မှတ်ပါကထိုနှစ်ဦးရှိသောနေရာကို ここ၊ အနည်းငယ်ဝေးကွာသောနေရာကို そこ၊ အဝေးမှနေရာကို あそこ ဟုပြောသည်။




### ၂. Nは နေရာ です

ဤဝါကျပုံစံကိုအသုံးပြု၍ အရာဝတ္ထု၊နေရာ၊ လူပုဂ္ဂိုလ်စသည်တို့တည်ရှိသောနေရာကို ပြောဆိုဖော်ပြနိုင်သည်။

① お手洗いは あそこです。　　အိမ်သာက ဟိုမှာပါ။
② 電話は ２階です。　　တယ်လီဖုန်းက ၂ထပ်မှာပါ။
③ 山田さんは 事務所です。　　မစ္စတာရာမဒက ရုံးခန်းမှာပါ။

### ၃. どこ／どちら

どこသည် နေရာကိုမေးမြန်းသောအမေးစကားလုံးဖြစ်ပြီး၊ どちらသည် ရှေးရှုရာအရပ်ကိုမေးမြန်းသောအမေးစကားလုံးဖြစ်သည်။နေရာကိုမေးမြန်းရာတွင် どちらကိုအသုံးပြုသည့်အခါလည်းရှိသည်။ဤသို့ပြောဆိုခြင်းသည် どこကိုအသုံးပြုခြင်းထက်ပို၍ယဉ်ကျေးပျူငှာသောအပြောမျိုးဖြစ်သည်။

④ お手洗いは どこですか。　　အိမ်သာက ဘယ်မှာပါလဲ။
……あそこです。　　......ဟိုဘက်မှာပါ။
⑤ エレベーターは どちらですか。　　ဓာတ်လှေကားက ဘယ်မှာပါလဲ။
……あちらです。　　......ဟိုဘက်မှာပါ။

တစ်ဖန်နိုင်ငံ၊ကုမ္ပဏီ၊ကျောင်းစသည့် မိမိ၏နာမည်စာရင်းရှိရာနေရာနှင့်အသင်းအဖွဲ့၏အမည်များကိုမေးမြန်းရာတွင်သုံးသည့် အမေးစကားလုံးတွင် なん ကိုအသုံးမပြုဘဲ၊ どこ၊ どちら ကိုအသုံးပြုသည်။ どこ ထက် どちら ကိုအသုံးပြုခြင်းကပို၍ယဉ်ကျေးပျူငှာရာရောက်သည်။

⑥ 学校は どこですか。　　ဘယ်ကျောင်းကပါလဲ။
⑦ 会社は どちらですか。　　ဘယ်ကုမ္ပဏီကပါလဲ။

### ၄. $N_1$ の $N_2$

$N_1$သည်နိုင်ငံအမည်ဖြစ်ပြီး $N_2$သည်ထုတ်ကုန်ပစ္စည်းဖြစ်ပါက $N_1$ の သည်ထိုနိုင်ငံထုတ်ကုန်ပစ္စည်းဟုအဓိပ္ပာယ်ရသည်။ $N_1$သည်ကုမ္ပဏီအမည်ဖြစ်ပြီး $N_2$သည်ထုတ်ကုန်ပစ္စည်းဖြစ်ပါက $N_1$ の သည် ထိုကုမ္ပဏီမှထုတ်လုပ်သောကုန်ပစ္စည်းဟုအဓိပ္ပာယ်ရသည်။ မည်သည့်အခါမျိုးတွင်မဆိုမေးခွန်း၌အမေးစကားလုံး どこ ကိုအသုံးပြုသည်။

⑧ これは どこの コンピューターですか。　　ဒါကဘယ်က ကွန်ပျူတာပါလဲ။
……日本の コンピューターです。　　......ဂျပန်ကကွန်ပျူတာပါ။
……パワー電気の コンピューターです。　　......ပါဝါလျှပ်စစ်က ကွန်ပျူတာပါ။

### ၅. こ／そ／あ／ど(အညွှန်းစကားလုံး) ဇယား

| | こ အုပ်စု | そ အုပ်စု | あ အုပ်စု | ど အုပ်စု |
|---|---|---|---|---|
| အရာဝတ္ထု | これ | それ | あれ | どれ (သင်ခန်းစာ-၁၆) |
| အရာဝတ္ထု/လူပုဂ္ဂိုလ် | この နာမ် | その နာမ် | あの နာမ် | どの နာမ် (သင်ခန်းစာ-၁၆) |
| နေရာ | ここ | そこ | あそこ | どこ |
| ရှေးရှုရာ / နေရာ (ယဉ်ကျေး) | こちら | そちら | あちら | どちら |

### ၆. お～

နာသူသို့မဟုတ်တတိယလူနှင့်သက်ဆိုင်သောအကြောင်းအရာ၌တွဲဖက်လေ့ရှိသောရှေ့ဆက်စကားလုံး お သည် ပြောသူ၏ ရိုသေလေးစားမှုကိုဖော်ညွှန်းသည်။

⑨ [お]国は どちらですか。　　ဘယ်နိုင်ငံကပါလဲ။

